**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး (လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | ဒုဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ် / သုတနည်းပညာ) (သို့)သိပ္ပံဘွဲ့တစ်ခုခုရရှိပြီး AGTI(EC) အောင်လက်မှတ်ရရှိသူ ဖြစ်ရမည်။ | (၁) ဦး |
| (ခ) | စာရင်းကိုင်-၂ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | စီးပွားရေးဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | (၃) ဦး |
| (ဂ) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ် / သုတနည်းပညာ) (သို့) သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးAGTI(EC)အောင်လက်မှတ်ရရှိသူ ဖြစ်ရမည် ။ | (၁၀) ဦး |
| (ဃ) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကွန်ပျူတာဘွဲ့ရရှိသူဖြစ်ရမည်။ | (၁) ဦး |
| (င) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဥပဒေဘွဲ့ရရှိပြီးသူဖြစ်ရမည်။ | (၁) ဦး |
| (စ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | စီးပွားရေးဘွဲ့တစ်ခုခု (သို့)တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး အခြေခံစာရင်းကိုင်ပညာလက်မှတ်ရရှိသူဖြစ်ရမည်။ | (၃) ဦး |
| (ဆ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ)ရှိရမည်။ အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။ | (၃) ဦး |

၂။ လျှောက်ထားလိုသူများသည် လစာနှုန်းမတူသည့် ရာထူး(၁)နေရာစီဖြင့် (၂)နေရာ လျှောက်ထားနိုင်ပြီး အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူဖြစ်ရမည်-

(က) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေး အပြည့်ထိုးနှံပြီးသူဖြစ်ရမည်။ (အထောက်အထား တင်ပြနိုင်ရမည်)

(ဂ) မဟာဘွဲ့ / ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်သည်။ ( အဆိုပါ ဘွဲ့ရရှိသူများအား အသက် သတ်မှတ်ချက် လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်သည်။ )

(ဃ) အပိုဒ်(၁) (က) (ခ) (ဂ) (င) (စ) ပါရာထူးနေရာများအတွက် ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။ (အောင်လက်မှတ်တပါတည်းတင်ပြနိုင်ရမည်)

(င) အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

(ဆ) နေရာဒေသမရွေး (အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၊ မန္တလေးတိုင်းဒေသကြီးရုံးခွဲ၊ မွန်ပြည်နယ်ရုံးခွဲ ၊ မကွေးတိုင်းဒေသကြီးရုံးခွဲ ၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲများသို့) တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂) နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲ သို့ ( ၃၁ - ၅ -၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(အသက်အထောက်အထားအတွက်)

(ခ) ဘွဲ့လက်မှတ် ၊ AGTI(EC)အောင်လက်မှတ် မိတ္တူ(သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံချက်

(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ

(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဇ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၁၀၀၀ ( ကျပ်တစ်ထောင်တိတိ ) ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ်MD 011092သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ၊ ဘဏ်ခွဲ(၅) ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန၊ ငွေစာရင်းအမှတ် MD 012978သို့လည်းကောင်း ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website (www.ptd.gov.mm) တွင် download ရယူနိုင်ပါသည်။

၅။ အပိုဒ်(၁) အပိုဒ်ခွဲ (က) မှ (ခ)ထိ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်မြန်မာစာ၊ အင်္ဂလိပ်စာ ၊ အထွေထွေဗဟုသုတဘာသာရပ်များအား ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ရေးဖြေစာမေးပွဲကို ( ၄-၆-၂၀၂၂)ရက်နေ့ (စနေနေ့)နှင့်( ၅- ၆ -၂၀၂၂) ရက်နေ့ (တနင်္ဂနွေနေ့)တို့တွင် နေပြည်တော်နှင့်ရန်ကုန်မြို့များ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား(၂-၆-၂၀၂၂)ရက်နေ့မှ(၃- ၆ -၂၀၂၂)ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်ပြား

ပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) ၊ ရုံးအမှတ်(၂) နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၆။ အပိုဒ်(၁) အပိုဒ်ခွဲ (ဂ) မှ (ဆ)အထိ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းအား (၁၃-၆-၂၀၂၂)ရက်နေ့ နှင့် (၁၄-၆-၂၀၂၂)ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၇။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ် ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)နေပြည်တော်သို့လိပ်မူ၍ သက်ဆိုင်ရာဌာနမှတဆင့် (၂-၆-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။ (လျှောက်လွှာတစ်စောင်အား ကြိုတင်မိတ္တူပေးပို့ထားရမည်)

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသော ရက်ထက်နောက်ကျရောက်ရှိခြင်း နှင့် စာရွက်စာတမ်းပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၃၄၀၇၂၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(အကြောင်းအမျိုးမျိုးကြောင့် နေ့ရက် ၊ အချိန်ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြား ပါမည်။)